FACT SHEET

# Universal Jurisdiction (UJ), Argentina & Myanmar

**အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်၊ အာဂျင်တီးနားနှင့် မြန်မာနိုင်ငံ**

## အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့် ဆိုသည်မှာ အဘယ်နည်း?

နိုင်ငံတစ်ခု၏ ပြည်တွင်း တရားရုံးများသည် ယေဘုယျအားဖြင့် အောက်ပါတို့ကို တရားစွဲဆိုကြပါသည်။

- ၎င်းတို့၏ နိုင်ငံအတွင်း ကျူးလွန်သော ရာဇဝတ်မှုများ
- ၎င်းတို့၏ နိုင်ငံသားများက နိုင်ငံပြင်ပတွင် ကျူးလွန်သော ရာဇဝတ်မှုများ
- ၎င်းတို့၏ နိုင်ငံသားများအပေါ် နိုင်ငံ၏ပြင်ပတွင် ကျူးလွန်ခံရသော ရာဇဝတ်မှုများ (ဖြစ်ရပ် ရှားပါးသည်)

ထိုအချက်များနှင့် ဆန့်ကျင်၍ အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်ဆိုသည်မှာ အချို့နိုင်ငံများတွ င် ပြင်းထန်သော ရာဇဝတ်မှုများသည် ၎င်းတို့၏ နိုင်ငံအတွင်း ဖြစ်ပွားခြင်း မရှိစေကာမူ၊ ကျူးလွန်သူသည် နိုင်ငံသားမဟုတ်စေကာမူ၊ နိုင်ငံတွင်း တရားရုံးများက တရားစွဲဆို စီရင်ပိုင်ခွင့်ရှိသည် ဆိုလိုခြင်း ဖြစ်ပါသည်။

ထိုအယူအဆကို အလွန်ဆိုးဝါးပြင်းထန်သော ရာဇဝတ်မှုများတွင်သာ အသုံးပြုသည်။ ရာဇဝတ်မှုများသည် အလွန်ဆိုးဝါးပြင်းထန်သဖြင့် နိုင်ငံတကာ အသိုက်အဝန်းတစ်ခုလုံး အပေါ် ကျူးလွန်သော ရာဇဝတ်မှုအဖြစ် မှတ်ယူသည်။ ထို့ကြောင့် အားလုံးနှင့် သက်ဆိုင်သည်ဟု မှတ်ယူကြသည်။ ထိုရာဇဝတ်မှုများအတွက် တရားမျှတမှု ဆောင်ကြဉ်းနိုင်ရန်အတွက် မည်သည့်နိုင်ငံတွင်ဖြစ်စေ တရားစီရင်ပိုင်ခွင့်ရှိသည်ဟု ယုံကြည်ကြသည်။

အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့် အယူအဆကို အစဦးပိုင်းတွင် ပင်လယ်ဓါးပြ ရာဇဝတ်မှုများကို ဖြေရှင်းရန်နှင့် ကျွန်ရောင်းဝယ်ကုန်ကူးခြင်းကို တားဆီးရန်အတွက်သာ အသုံးပြုခဲ့သည်။ ယနေ့ခေတ်ကာလတွင် စစ်ရာဇဝတ်မှု၊ လူသားဖြမ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုကဲ့သို့သော အလွန်ဆိုး ဝါးပြင်းထန်သော နိုင်ငံတကာရာဇဝတ်များကို ဖြေရှင်းရာတွင် အသုံးပြုသည်။ ညှဉ်းပမ်းနှိပ်စက်ခြင်းနှင့် အကြမ်းဖက်မှုလုပ်ရပ်များကို စစ်ဆေးတရားစွဲဆိုရာတွင်လည်း အသုံးပြုသည်။

နိုင်ငံအများအပြားတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ခံပိုင်ခွင့်ကို အသိအမှတ်ပြုထားသော ဥပဒေများကို ရေးဆွဲပြဌာန်းထားပြီး ထိုဥပဒေများအပေါ်တွင် အခြေခံ၍ အမှုများကို လက်ခံတရားစွဲဆိုမှုများ လုပ်ဆောင်နေပါသည်။ ထိုနိုင်ငံများတွင် ဘယ်လ်ဂျီယမ်၊ ဂျာမနီ၊ ယူကေ၊ စပိန်၊ ဩစတြေးလျှနှင့် အာဂျင်တီးနားနိုင်ငံတို့ ပါဝင်သည်။

အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ပေါ်တွ င် အခြေခံခဲ့၍ တရားစွဲဆိုနိုင်ခဲ့သော ထင်ရှားသော အမှုအချို့မှာ အဒေါ့ဖ်အိုက်ခမန်း၊ ဩဂတ်စတို ပီနိုချေး၊ အေရီယယ်ရှာရွန်နှင့် ဂျော့ဂျ်ဘုရှ်စီနီယာ စသည့်အမှုများ ပါဝင်သည်။

## အာဂျင်တီးနားနိုင်ငံမှာ ဘာတွေဖြစ်နေသလဲ?

ရိုဟင်ဂျာများအပေါ် လူသားဖြစ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် လူမျိုးတုံး သတ်ဖြတ်မှုကို မြန်မာနိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့က ကျူးလွန်ခဲ့ကြောင်း စွပ်စွဲ၍ အာဂျင်တီးနားနိုင်ငံ တရားရုံးတစ်ခုတွင် ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှုတစ်ခုကို လူ့အခွင့်အရေးအဖွဲ့များက ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် တင်သွင်းလျှောက်ထား ခဲ့သည်။

ထိုအမှုကို တင်သွင်းလျှောက်ထားနိုင်ခြင်းမှာ အာဂျင်တီးနားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၈ အပါအဝင် ဥပဒေများတွင် အပြည်ပြည်ဆိုင်ရာ တရားစီ ရင်ပိုင်ခွင့် အခြေခံမှုကို ရေးဆွဲပြဌာန်းထားခြင်းကြောင့် ဖြစ်ပါသည်။ ယခင်က တရုတ်နိုင်ငံတွင် ဖာလွန်ဂုန်နှင့် ဆက်စပ်နေသောအမှုနှင့် စပိန်နိုင်ငံ၏ ယခင်အာဏာရှင်ဟောင်း ဖရန်ကိုတို့ အမှုများကို အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ကို အသုံးပြု၍ အာဂျင်တီးနားနိုင်ငံ တရားရုံးက လက်ခံ၍ တရားစွဲဆိုခဲ့ပါသည်။

## တရားစွဲဆိုသည့် အမှုအကြောင်းအရာမှာ အဘယ်နည်း?

လူသားဖြစ်တည်မှုကို ဆန့်ကျင်သောရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများအတွက် မြန်မာ့တပ်မတော်မှ ထိပ်တန်းခေါင်းဆောင်များနှင့် နိုင်ငံရေးခေါင်းဆောင်များကို စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုသွားရန် လျှောက်ထားတောင်းဆိုသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခြား တပ်မတော် ထိပ်တန်းခေါင်းဆောင်များအပြင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဟောင်းများ ဖြစ်ကြသည့် ဦးထင်ကျော်နှင့် ဦးသိန်းစိန် အစရှိသော လူပုဂ္ဂိုလ်တို့ကို တစ်ဦးချင်းစီအလိုက် အမည်များဖြင့် တရားစွဲဆိုသည်။ ထို့အပြင် ဦးဝီရသူနှင့် နိုင်ငံရေးသမား နေမျိုးဝေအပါအဝင် အချို့သော အရပ်သားများကိုလည်း ထည့်သွင်းထားပါသည်။

ထိုတရားစွဲဆိုမှုသည် ကျူးလွန်သူများ၊ ပူးပေါင်းပါဝင်သူများနှင့် ရာဇဝတ်မှုများကို ဖုံးကွယ်ရန် ကြိုးပမ်းသူများ တစ်ဦးတစ်ယောက်ချင်းစီ၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုနှင့် သက်ဆိုင်သည်။ မြန်မာနိုင်ငံတော်၏ တာဝန်ရှိမှုနှင့် မသက်ဆိုင်ပါ။

## အားသာချက်များ

- အာဂျင်တီးနားတွင် တရားစွဲဆိုမှုသည် ICJ နှင့် ICC တို့တွင် ဆောင်ရွက်နေသော ယန္တရားများကို အထောက်အကူပြုမည်ဖြစ်သည်။
    - ယန္တရားသည် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ တာဝန်ခံမှုနှင့်သာ သက်ဆိုင်သည်။ (ICJ သည် နိုင်ငံတော်၏ တာဝန်ခံမှုဖြစ်သည်။)
    - ထိုအမှုသည် မြန်မာနိုင်ငံဧရိယာအတွင်း ဖြစ်ပွားခဲ့သော ရိုဟင်ဂျာအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများ ICC သည် ဘင်္ဂလားဒေ့ရှ်နယ်နိမိတ်အတွင်း တစ်စိတ်တပိုင်းဖြစ်ပွားခဲ့သော ရာဇဝတ်) နှင့် သက်ဆိုင်သည်။ (မှုများ အတွက်သာ ကန့်သတ်ထားသည်။
- အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) နှင့် IIMM မှ စုဆောင်းပြုစုထားသော သက်သေခံ အထောက်အထားများကို ကြည့်ရှုနိုင်ရန်အတွက် အာဂျင်တီးနား တရားရုံးက မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား (IIMM) ကို တောင်းခံနိုင်ပါသည်။ ထိုအချက်က တရားရုံး၏ လုပ်ငန်းကို လွယ်ကူစေရန် များစွာ အထောက်အကူပြုမည်ဖြစ်ပါသည်။
- အကယ်၍ ထိုအမှုကို စုံစမ်းစစ်ဆေးရန်အတွက် ဆက်လက်လုပ်ဆောင်ပါက မြန်မာနိုင်ငံအပေါ်တွင် နိုင်ငံရေးအရ ဖိအားများပေးနိုင်သည်။ ဆက်လက်ဖြစ် ပေါ်နိုင်သော ကျူးလွန်ချိုးဖောက်မှုများကို ရပ်တန့်သွားအောင် လုပ်ဆောင်နိုင်သော လုပ်ငန်းတစ်ခုဖြစ်နိုင်သည်။
- အကယ်၍ တပ်မတော်နှင့် အရပ်သားခေါင်းဆောင်များကို အာဂျင်တီးနား တရားရုံးက ဖမ်းဆီးမိန့်ဝရမ်း ထုတ်ပြန်ပါက ၎င်းတို့၏ နိုင်ငံရပ်ခြား ခရီးသွားလာနိုင်မှုကို များစွာကန့်သတ်နိုင်ခြေ ရှိပါသည်။

## ကန့်သတ်ချက်များ

- ထိုတရားစွဲဆိုရန် လျှောက်ထားမှုကို ဆက်လက်စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အာဂျင်တီးနား တရားခုံရုံးက လက်ခံရန် သဘောတူညီသည်/ လက်မခံသည် မသိရှိရသေးပါ။
- ခုံရုံး၏ တရားစီရင်ခွင့်ကို မြန်မာနိုင်ငံက ငြင်းဆန်ခဲ့ပြီး စွပ်စွဲချက်များကို တုံ့ပြန်မည်မဟုတ်ကြောင်းကို ပြောဆိုထားသည်။
- မြန်မာနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းကြောင့် ဆက်လက်၍ စုံစမ်းစစ်ဆေးရန် နှင့် သက်သေများကို စုဆောင်းပြုစုရာတွင် ပိုမို၍ အခက်အခဲ တွေ့နိုင်သည်။
- စွပ်စွဲခံရသူများကို အာဂျင်တီးနားနိုင်ငံရှိ တရားရုံးရှေ့မှောက်သို့ ခေါ်ဆောင်ရန် အတွက် ခက်ခဲနိုင်ပါသည် (ဥပမာ - စွပ်စွဲခံရသူများကို လွှဲပြောင်းရယူရန်အတွက်)။ ထို့ကြောင့် တရားခုံရုံးကျင်းပနိုင်ရန် မဖြစ်နိုင်ခြင်းမျိုးလည်း ဖြစ်နိုင်သည်။